# ကျင်လည်ဖြတ်သန်းဘဝလမ်း

ဗိုလ်မှူးချုပ်စိန်ဝင်း(ငြိမ်း)



## စာရေးသူ၏ အမှာ ၊ သို့မဟုတ်
## မသေမီလက်ကျန်အချိန်ကလေးမှာ လုပ်သွားချင်သောအလုပ်

မိမိ၏ လက်ရှိဘဝ အသက်က ၆၈ နှစ်ရှိနေပါပြီ။ သေဖို့ ရက်က မြန်မာ့သက်တမ်းနှင့် တွက်ကြည့်ရင် နီးနီးလေးပဲ ကျန်တော့တယ်။ နိုင်ငံဝန်ထမ်း တပ်မတော်သားဘဝ အငြိမ်းစား ယူခဲ့ပြီးမှ ကြောက်တတ်လာတဲ့ သေခြင်းတရားကို ရင်ဆိုင်ရဲဖို့ ၊ အသေစိတ်ချနိုင်ဖို့ တော့ အတော်လေး ပြင်ဆင်ထားပြီးပြီ။ သေလည်း သေရဲ နေပြီ။ အစမ်းသေကြည့်နေတာလည်း ခဏခဏပဲ။ ကိုယ်သိထား၊ နားလည်ထား။ လေ့ကျင့်ထားတဲ့ သေနည်းကို သေသွားကြပြီဖြစ်တဲ့ ညီမအရင်းတစ်ယောက်၊ အစ်ကိုအရင်းနှစ်ယောက်၊ မရီးတစ်ယောက်နဲ့ စမ်းသပ်ကြည့်ပြီး ပြီမို့ ဒီနည်းကို အတော်လေး စိတ်ချနေပါပြီ။

မသေခင် လက်ကျန်အချိန်လေးမှာ မလုပ်မဖြစ် လုပ်သွားချင်တဲ့ အလုပ်တော့ ရှိနေပါသေးတယ်။ သေခြင်းတရားကို ရက်ချိန်းယူလို့ မရ၊ တားလို့ မရ၊ ဈေးဆစ်လို့ မရမှန်းသိပေမယ့် လူ့ဘဝမှာ လုပ်သွားခဲ့ချင်တဲ့ အဲဒီအလုပ်ကို လုပ်ပြီးမှ ပဲ သေချင်တဲ့ ဆန္ဒတော့ အမှန်ရှိနေပါတယ်။ သေခြင်းတရားက အစိုးမရနိုင်ဘဲ သေ သင့်တဲ့ အချိန်မှာ သေရမှာ မို့ ကိုယ် လုပ်သွားချင်တာလေးကို တက်သုတ်ရိုက်ပြီး မြန်မြန်ပဲ လုပ်သွားတော့မယ်လို့ စဉ်းစားဆုံးဖြတ်ထားပါတယ်။ လုပ်ချိန်လေး နည်းနည်းဖြစ်ဖြစ် တိုးရလေမလား ဆိုပြီးတော့ ရထားတဲ့ ရုပ်၊ နာမ်ခန္ဓာရဲ့ ကျန်းမာ

ရေးကိုလည်း ဂရုတစိုက်လေး ထိန်းသိမ်းထားတယ်။

အဲဒီ မသေမီ လုပ်သွားချင်တဲ့ အလုပ်ကတော့ ကိုယ်တိုင် နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါး ဖြတ်သန်း လာခဲ့တဲ့ လူ့ဘဝ သက်တမ်း တစ်လျှောက် ရင်ဆိုင်တွေ့ကြုံခဲ့တဲ့ ဘဝအတွေ့အကြုံ ဖြစ်ရပ်မှန်တွေကို နောင်လာ နောက်သား မျိုးဆက်သစ်တွေ သိရှိနိုင်ဖို့ ၊ သူတို့ ဘဝ သက်တမ်းမှာ သင်ခန်းစာယူ အသုံးချနိုင်ဖို့ ၊ ဆောင်နိုင်ဖို့ ၊ ရှောင်နိုင်ဖို့ ဖြန့်ဝေအသိပေးခဲ့ခြင်း အလုပ်ပါပဲ။ အထူးသဖြင့် စစ်မှုထမ်းနေဆဲ မျိုးဆက်သစ်များကို သိစေချင် ပါတယ်။ ဒီလို ဖြန့်ဝေ အသိမပေးခဲ့ရင် ကိုယ်သေသွားချိန်မှာ ပျက်စီးသွားမယ့် ကိုယ့်ရုပ်၊ နာမ်ခန္ဓာနဲ့ အတူ ဒီ အကောင်းအဆိုး အတွေ့အကြုံတွေဟာ ပျောက်ပျက်သွားကြမှာ မို့ အကျိုးမဲ့ ဖြစ်သွားမှာ ပါပဲ။

ကျင်လည် ဖြတ်သန်းခဲ့တဲ့ ဘဝအတွေ့အကြုံတွေကို ဖော်ပြရာမှာ မိမိ ထမ်းဆောင်ခဲ့ ရဖူးတဲ့ တပ်မ တော်သား ဘဝရဲ့ အဆင့် တာဝန်တွေ အလိုက် သင့်တော်တဲ့ အတွေ့အကြုံတွေကို ထုတ်နုတ်ပြီး ဖော်ပြထား ပါတယ်။ ကိုယ်တိုင် တွေ့ကြုံ ဖြတ်သန်းလာခဲ့ရတဲ့ ဖြစ်ရပ်မှန်များ ပဲ ဖြစ်ပါတယ်။ ကြားဖူးနားဝ လေ့လာဖတ်ရှု ဗဟု သုတကို ရင်းပြီး ရေးသားထားခြင်း မဟုတ်ပါ။ စစ်ဗျူဟာမှူး တပ်မမှူးနဲ့ ဝန်ကြီးတာဝန် ဘဝအတွေ့ အကြုံများကိုတော့ အခါအခွင့်သင့် အခြေအနေပေးပြီး ရေးသားနိုင်ချိန်မှာ ဆက်လက်ရေးသား ဖော်ပြပေး သွားပါမယ်။ ယခု စာအုပ်မှာ တော့ ခြေလျင်တပ်ရင်းမှူး တာဝန်အဆင့်အထိ အတွေ့အကြုံများကို ဖော်ပြထား ပါတယ်။

မိမိရဲ့ ကျင်လည်ဖြတ်သန်း ဘဝလမ်း အတွေ့အကြုံများကို ဖတ်ရှုပြီး လျှောက်လှမ်းနေကြတဲ့ ဘဝ ခရီးမှာ ဆောင်ရန်၊ ရှောင်ရန် သင်ခန်းစာ

များ ဖော်ထုတ်ရယူ အောင်မြင်နိုင်ကြပါစေလို့ အကြောင်းမပြုသော မေတ္တာစေတနာများ ဖြင့် ဆုတောင်းလိုက်ပါတယ်။

ဗိုလ်မှူးချုပ်စိန်ဝင်း (အငြိမ်းစား)



ရှမ်းပြည်မြောက်ပိုင်းမြေပုံ

ရှမ်းပြည်မြောက်ပိုင်းမြေပုံ

## ကွမ်းလုံ၊ ဟိုပန်၊ ပန်လုံ၊ မိုင်းမော ဒေသပြမြေပုံ




ကွမ်းလုံ၊ ဟိုပန်၊ ပန်လုံ၊ မိုင်းမော ဒေသပြမြေပုံ

# ပန်လုံဒေသတိုက်ပွဲကြီး




ပန်လုံဒေသတိုက်ပွဲကြီး

ပန်လုံဒေသတိုက်ပွဲကြီး

"ကျော်စွာ ... ခုအပတ် ပန်လုံဈေးနေ့မှာ တို့ ခေါက်ဆွဲ လာစားမယ်၊ မင်းခံနိုင်ရင်ခံ"

"ဖုန်ကြားရှင်၊ ဖုန်ကြာဖူး" ဟု မြန်မာစာကို မညီမညာ မသပ်မရပ် ရေးထားသော စာတိုလေး တစ် စောင်၊ ပန်လုံရှိ ရှေ့တန်း ခလရ (၃) ဌာနချုပ် စခန်းသို့ ၁၆-၃-၁၉၇၃ ရက်တွင် အရပ်သား ဆက်သား တစ်ယောက် လာပို့ပါသည် ။ တပ်ရင်းမှူး ဗိုလ်မှူးသူရကျော်စွာက "ဗိုလ်စိန်ဝင်း ... မင်းဖတ်ပြကွာ" ဟု ခိုင်းသဖြင့် ကျွန်တော် ဖတ်ပြလိုက်ပါသည် ။

ရှင်းပါသည် ။ ဖုန်ကြားရှင်၊ ဖုန်ကြာဖူး ဗကပခေါင်းဆောင် ညီအစ်ကိုနှစ်ယောက်က နောက်အပတ် ပန်လုံဈေးနေ့တွင် ကျွန်တော် တို့ ထမခ (၉၉) ကွပ်ကဲမှုအောက် ရှေ့တန်း ခလရ (၃) စစ်ကြောင်း (၁) ဌာနချုပ် နှင့် တပ်ခွဲ (၃) ခွဲ လုံခြုံရေး တာဝန်ယူထားသော ပန်လုံမြို့နှင့် ပန်လုံနယ်မြေကို တိုက်ခိုက်တော့မည်ဟု ဖြောင် ကြေညာ စိန်ခေါ်လိုက်ခြင်း ဖြစ်ပါသည် ။ ယခုမှ စိန်ခေါ်စာ ပို့လိုက်သော်လည်း ဖုန်ကြားရှင် ဦးစီးသည့် ဗကပ အင်အားစုများ သည် ပန်လုံခံစစ်စည်း ရှေ့ကာတပ် နား ဝီးမန်နောင် လှူပ်ရှား အမှတ် (၂) တပ်ခွဲကို ၁၀-၃-၁၉၇၃ ရက်၊ နံနက် ၀၂:၀၀ နာရီ အချိန်ကပင် စတင်ပြီး သာလွန် အင်အားများ စုဖွဲ့ တိုက်ခိုက်ခဲ့ပါသည် ။ ဗိုလ်ကြီး စိန်မောင်ဦးစီး မိမိတို့ ၏ ရှေ့တန်း ခလရ (၃) လှူပ်ရှားတပ်ခွဲသည် ထိုနံနက် ၀၂:၀၀ နာရီမှ ၀၅:၀၀ နာရီအထိ နားဝီးလှူပ်ရှား ခြေကုပ်စခန်းတွင် အပြင်းအထန် ခုခံတိုက်ခဲ့ပြီးနောက် မိမိ ထိခိုက်ကျဆုံး ဒဏ်ရာရရှိမှု များ ပြားလာသဖြင့် မူလခံစစ်ဒေသ စီမံချက်ပါအတိုင်း အဖွဲ့ငယ်များ ခွဲပြီး ပန်လုံသို့ ပြန်လည်ဆုတ်ခွာခဲ့ရပါသည် ။ အထက်ပါ ဖြစ်စဉ်တွင် မိမိလှူပ်ရှား တပ်ခွဲ (၂) မှ စစ်သည် ၅

ဦးကျဆုံး၊ ၁၈ ဦး ပျောက်ဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိ၊ ၄ ဦး သံလွင်မြစ်အတွင်း ဖြတ်ကူးစဉ် ရေနစ်သေဆုံးခဲ့ရပါသည် ။ နားဝီးမန် နောင်မှ ပြန်လည် ဆုတ်ခွာ လာခဲ့ရသော စစ်သည် များအား ပန်လုံ့ဌာနချုပ် စခန်းကုန်းနှင့် အခြားစခန်းကုန်းများ တွင် တပ်ရင်းမှူး က ဖြန့်ခွဲနေရာ ချထားလိုက် ပါသည် ။

ကျွန်တော်တို့ တပ်ရင်းမှူး ဗိုလ်မှူးသူရကျော်စွာသည် ဗိုလ်ကြီးဘဝက ကွမ်းလုံနယ်ခြား ခရိုင်ဝန် အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရစဉ် မြင်းဖြင့် ခရီးသွားရာတွင် ဖုန်ကြာဖူးသည် မြင်းဆွဲသမားအဖြစ် လိုက်ပါလေ့ရှိသဖြင့် တပ်ရင်းမှူးနှင့် ဖုန်ကြာဖူးသည် ယခင်ကတည်းကပင် သိကျွမ်းရင်းနှီးဖူးကြောင်း တပ်ရင်းမှူး ပြောပြ သဖြင့် သိရပါသည် ။ ယခုတော့ မြင်းဆွဲသမား တစ်ဖြစ်လဲ ဗကပ တပ်ခေါင်းဆောင်က တိုက်ခိုက်ရန် စိန်ခေါ် လာပါပြီ။ နားဝီးမန်နောင် လှူပ်ရှားတပ်ခွဲအား ဗကပတို့ တိုက်ခိုက်ခဲ့သောနေ့ နံနက်က ကျွန်တော် ဦးစီးသော ကွန်မန်ဒိုတပ်စုဖြင့် နားဝီးသို့ သွားရောက်ပြီး လှူပ်ရှားတပ်ခွဲထံ ရိက္ခာနှင့် လစာငွေများ သွားပို့ရန် စီစဉ်ထား သော်လည်း မိမိလှူပ်ရှားတပ်ခွဲ တိုက်ပွဲဖြစ်ပွားပြီး အဖွဲ့ငယ်များ ဆုတ်ခွာလာကြရသဖြင့် တပ်ရင်းမှူးက "ဗိုလ်စိန်ဝင်း... မင်းတပ်စု နားဝီးကို အသွားနဲ့ တော့၊ ဒီဗကပကောင်တွေ နားဝီးကို တိုက်ပြီးရင် ပန်လုံကို တိုက်တော့မှာ " ဟု မျှော်မှန်းသုံးသပ် ညွှန်ကြားပါသည် ။ ပန်လုံမြို့ လုံခြုံရေးနယ်မြေရှိ တပ်စခန်း အားလုံးကို လည်း ရာနှုန်းပြည့် တပ်လှန့် အသင့်ပြင်ထားရန် ညွှန်ကြားလိုက်ပါသည် ။ တစ်စုတည်းသော အရန်အင်အား ဖြစ်သည့် မိမိဦးစီးတပ်ရင်း ကွန်မင်ဒိုတပ်စုကို လိုအပ်သည့် နေရာတွင် စစ်ကူပေး တိုက်ခိုက်နိုင်ရန် အချိန်ပြည့် အသင့်စုဖွဲ့ထား စေခဲ့ပါသည် ။ စခန်းအားလုံး အသင့်ပြင်ထားကြရာတွင် တပ်စခန်းအားလုံး စားကျက်စနစ် (ထမင်းတစ်နပ် စားပြီးချိန် နောက်တစ်နပ်

စာ ချက်ပြီး အသင့်ရှိရန်) ၇ ရက်စာ ရိက္ခာနှင့် ရေစခန်းပေါ် အသင့် ရှိရန် (ရှေ့တန်း၊ နောက်တန်း)၊ အရန်ခဲယမ်း အသင့်ရှိရန်၊ ဆေးဝါးအသင့်ရှိရန်၊ ခံစစ်ကြွခိုင်မှု အတားအဆီး (မိုင်း၊ ပြောင့်၊ ခြံစည်းရိုး အတားအဆီး) အသင့်ရှိရန်၊ တပ်စခန်း လုံခြုံရေး စီမံချက်ပါအတိုင်း ဇာတ်တိုက်လေ့ကျင့်မှု အသင့်ဆောင်ရွက်ရန်၊ တပ်စခန်း ပစ်ခတ်မှု စီမံချက်ပါအတိုင်း အကူပစ် လက်နက်ကြီးများ လေ့ ကျင့်ပစ်ခတ်မှု အသင့်၊ လက်နက်ငယ်များ ပစ်ပိုင်နယ် သတ်မှတ်နေရာ ချထားမှုအသင့်၊ ပစ်ကွင်း မြင်ကွင်း ရှင်းလင်းမှုအသင့်၊ လက်နက်များ တိုက်ချွတ် ကြွခိုင်မှုအသင့်၊ ညစဉ် တစ်ဝက်အိပ် တစ်ဝက်နိုးစနစ် နံနက် ၀၂:၀၀ နာရီမှ စပြီး အင်အားပြည့် တပ်လှန့်နေရာယူမှု အသင့်ဆောင်ရွက်ကြပြီး တိုက်ပွဲဝင် အသင့် ပြင်ဆင် ဆောင်ရွက်ထား ကြပါသည် ။ တပ်ရင်း ထောက်လှမ်းရေးအရာရှိ ဗိုလ်စိန်တင်ဝင်း (ယခု ဗိုလ်မှူးကြီး စိန် တင်ဝင်း-ငြိမ်း-ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း လွှတ်တော်-ငြိမ်း) ကလည်း ရန်သူ့သတင်းနှင့် ရန်သူဆောင်ရွက်လာနိုင် သည့် အလားအလာ၊ မိမိတပ် ပြင်ဆင်မှု အစီအမံ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ တပ်ရင်းမှူး၏ သုံးသပ် ချက်တို့ ကို အပြည့်အစုံ ရေးသားပြီး အထက်နည်းဗျူဟာ စစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့သို့ ကြေးနန်းဖြင့် တင်ပြ လိုက်ပါသည် ။

နားဝီးမန်နောင် တိုက်ပွဲမှ အဖွဲ့များ ခွဲပြီး ဆုတ်ခွာလာခဲ့သော အမှတ် (၂) တပ်ခွဲမှ အရာရှိ စစ်သည် များ သည် ၁၂-၃-၁၉၇၃ ရက်မှ စပြီး ပန်လုံစစ်ကြောင်း (၁) ဌာနချုပ်သို့ ပြန်လည်ရောက်ရှိ လာခဲ့ပါသည် ။ ဗကပ တို့ သည် မိမိ နားဝီးမန်နောင် လှူပ်ရှားတပ်ခွဲကို တိုက်ခိုက်ရာတွင် ဖုန်ကြာဖူး ဦးစီးအင်အား ၃၀၀ ကျော်ခန့်က အကူပစ် လက်နက်ကြီးများ အဖြစ် ၈၂ မမ စိန်ပြောင်း ၃ လက်၊ ၅၇ မမ နောက်ပွင့်ရိုင်ဖယ် ၃ လက်၊ ၆၀ မမ စိန်ပြောင်း ၄ လက်နှင့် အာပီဂျီလောင်ချာ ၁

၈ လက်ခန့် အသုံးပြု ပစ်ကူပေး တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ တိုက်ပွဲပြီးဆုံးပြီးနောက် နားဝီးသို့ ဗကပ တပ်မဟာ (၁၂) အင်အားစုများ ထပ်မံရောက်ရှိလာကြောင်း၊ စုစု ပေါင်း အင်အား ၆၅၀၊ ၇၀၀ ခန့် နားဝီးတွင် ပေါင်းမိပြီး ပန်လုံမြို့အား တိုက်ခိုက်သိမ်းပိုက်ရန် စုဖွဲ့ပြင်ဆင် နေကြောင်း သတင်းများအား ဖော်ထုတ်ရရှိခဲ့ပါသည် ။ မကြာမီ ၂ ရက်၊ ၃ ရက် အတွင်း ပန်လုံမြို့ ဒေသအတွင်း အဆုံးအဖြတ်ပေး တိုက်ပွဲကြီး တိုက်ရတော့မည်ကို ကျွန်တော်တို့ ရှေ့တန်း အမှတ် (၃) ခြေလျင်တပ်ရင်း စစ် ကြောင်း (၁) ဌာနချုပ်နှင့် တပ်ခွဲ (၃) ခွဲမှ အရာရှိစစ်သည် အားလုံး သိနေခဲ့ကြပါသည် ။ လုပ်နိုင်သမျှ တိုက်ပွဲ ဝင် ပြင်ဆင်မှု လုပ်ငန်းများကို မရပ်မနား လုပ်နေခဲ့ကြပါသည် ။ ရန်သူကလည်း ဘယ်နေ့တိုက်မည် ဆိုသည် ကို ရက်ချိန်းကြို ပေးထားပြီး ဖြစ်သဖြင့် စစ်သည် အားလုံး ဘယ်စခန်းက သေနတ်သံ စကြားရမည်၊ ဘယ်စခန်းမှာ တိုက်ပွဲစမည်ကို စိတ်စောနေကြပါသည် ။ အချို့စစ်သည် များ ဆိုလျှင် လာစမ်းပါကွာ၊ တို့ ရှိတဲ့ စခန်းကို စတိုက် စမ်းပါဟု ပင် ဆုတောင်းနေကြပါသည် ။ ထိုစဉ်ကာလ ပန်လုံဒေသ မြေအနေအထားကို အကျဉ်းမျှ ဖော်ပြပါမည်။

ပန်လုံမြို့သည် နာမည်ကျော် ကွမ်းလုံမြို့မှ မိုင် ၃၀ ခန့်အကွာ အရှေ့တောင်ဘက်တွင် ရှိပြီး မော်တော် ကားလမ်းနှင့် ဆက်သွယ်ထားပါသည် ။ ထိုမော်တော်ကားလမ်းပေါ်မှ ပင် ဟိုပန်မြို့သည် ကွမ်းလုံမှ ၁၂ မိုင် ခန့်အကွာတွင် ရှိနေပါသည် ။ ပန်လုံမြို့သည် တောင်မြောက် သွယ်တန်းနေသော တောင်ကြောနှစ်ခုကြား မြေနိမ့် ကွင်းပြန့်ငယ်တွင် ရှိနေသည့် မြို့ငယ်လေး ဖြစ်ပါသည် ။ မြို့အရှေ့ဘက် တောင်ကြောပေါ်တွင် အဟိုပါရွာ၊ ဖာချမ်းရွာ၊ တာလူးပါးရွာများ ရှိနေပါသည် ။ ထိုရွာသုံးရွာစလုံး အနီးရှိ တောင်ကုန်းများ ပေါ်တွင် အဟိုပါ သဲတောင်တပ်စခန်း

၊ ဖာချမ်းတပ်စခန်း၊ တာလူးပါးတပ်စခန်းများ တပ်စွဲနေရာချထား ပါသည် ။ ဖာချမ်းစခန်း သည် ပန်လုံမြို့ အရှေ့ဘက်တွင် မြို့အပေါ် ပေ ၈၀၀၊ ၉၀၀ ခန့် အမြင့်မှ စိုးမိုးပြီး ပန်လုံမြို့ လုံခြုံရေးအတွက် စစ်ဗျူဟာ မြောက် အရေးကြီး မြေနေရာ ဖြစ်နေပါသည် ။ ပန်လုံမြို့ အနောက် ဘက်တွင် စစ်ကြောင်း၌ာနချုပ် အခြေပြုရာ တောင်ကြောသည် ပန်လုံ မြို့အား အမြင့်ပေ ၅၀၀၊ ၆၀၀ ခန့်မှ စိုးမိုးနေပြီး တောင်ဘက်အစွန်တွင် သဇင်တောင်စခန်း၊ အလယ်တွင် ဌာနချုပ် တောင်ကုန်းစခန်းနှင့် မြောက်ဘက်အစွန်တွင် လက်နက်ကြီး တောင် ကုန်းစခန်းတို့ ရှိနေပါသ ည် ။ အဆိုပါ ဌာနချုပ် တောင်ကုန်းစခန်း အနောက်ဘက်တွင် အရံ တောင်ကုန်း စခန်းသည် ပေ ၉၀၀၊ ၁၀၀၀ ခန့် အမြင့်မှ စိုးမိုးနေပါသည် ။ အရံတောင်နှင့် ဌာနချုပ်တောင်ကုန်းကြားတွင် ၁၂ ရာသီ ရေရနိုင် သော စိမ့်ရေထွက်ရှိ ပါသည် ။

ပန်လုံမြို့ တည်ထားပုံမှာ လေးထောင့်စပ်စပ် ဖြစ်ပြီး တောင်၊ မြောက် အလျားရှည်ပြီး အရှေ့၊ အနောက် အလျားတိုပါသည် ။ မြို့တော င်ဘက်ထိပ်တွင် ဘုန်းတော်ကြီးကျောင်းနှင့် ကျောင်းဝင်းကျယ်ကျယ် ရှိပါသည် ။ မြို့လယ်တွင် ၅ ရက် တစ်ကြိမ် ခင်းကျင်းရောင်းချသော ဈေးဆိုင်တန်း ဈေးကွက်ရှိနေပြီး ဈေးတောင်ဘက် ကပ်လျက်တွင် ဘတ်စကတ်ဘောကွင်း ရှိနေပါသည် ။ ဈေးကွက်နှင့် ဘတ်စကတ်ဘော ကစားကွင်း ပတ်လည် တွင် ရပ်ကွက် လူနေအိမ်များ ရှိနေပါသည် ။ မြို့ တောင်ဘက်ထိပ် ဘုန်းတော်ကြီးကျောင်းဝင်းနှင့် မျက်နှာချင်း ဆိုင် မြို့ လယ်လမ်းခြားလျက် ပေ ၂၀ ခန့် မြင့်ပြီး ဝလူမျိုး ရဲတပ်စု တာဝန်ယူ ထားသော ကာကွယ်ရေး ကုန်း စခန်းရှိပါသည် ။ ထိုစခန်း မြောက်ဘက် အခြေတွင် မြို့လူထု ခပ်ယူသုံးစွဲသည့် အုတ်ရေကန်ရှိပြီး သဇင်တောင် စခန်း အခြေရှိ ရေထွက်မှ ရေကို ရေတံလျှောက်ဖြင့် ရေကန်သို့ သွယ်ယူ

ဖြည့်ပါသည် ။ မြို့မြောက်ဘက်ထိပ် ကိုက် ၁၅၀ ခန့် အကွာတွင် ‘ဝ’ ရဲ တပ်စုမှ ပင် တာဝန်ယူထားသော အမြင့်ပေ ၂၀၀ ခန့်မြင့်သည့် စခန်းကု န်း ရှိနေပါသည် ။ မြို့လူထုအများ စုမှာ (တရုတ်အနွယ်ဝင်) ကိုးကန့် လူမျိုးများ ဖြစ်ပြီး ‘ဝ’ လူမျိုးမှာ လူနည်းစု ဖြစ်ပါသည် ။

မြို့နေလူထု စုစုပေါင်းမှာ ၅၀၀၀ ခန့်သာရှိပြီး ပြည်မရှိ ရွာကြီးတစ် ရွာခန့်သာ ဖြစ်ပါသည် ။ ပန်လုံမြို့ အနောက်ဘက်ခြမ်း ဖာချမ်း၊ တာလူး ပါး တောင်ကြောနှင့် လျှိုတစ်ခုခြားလျက် ကိုက် ၄၀၀၀ ခန့် အကွာတွင် မြောင်ဇူရှမ်း ကျောက်တောင်ကြောသည် တောင်မြောက်သွယ်တန်းပြီး ထီးထီးကြီး ရှိနေပါသည် ။ ထိုတောင် ကြောသည် ကျောက်သားအတိပြီး သော တောင်ကြောဖြစ်ပြီး တောင်ကြော မျက်နှာစာ အကျယ်ပေ ၄၀ ခ န့်၊ တောင်ကြောအရှည် ပေ ၆၀၀ ခန့်သာ ရှိပါသည် ။ ပတ်ဝန်းကျင် နယ်မြေတစ်ခုလုံးတွင် ကျောက်ဖျာကြီး ထောင်ထားသလို ထင်ထင်ရှား ရှား စိုးမိုးတည်ရှိနေပါသည် ။ ရှေ့တန်း ခလရ (၃) မှ တပ်ကြပ်ကြီး ကျော်အေး ဦးစီးအင်အား ၁၁ ယောက်ပါ ရှေ့ကာ လှုပ်ရှားတပ်စိတ်ကို မြောင်ဇူရှမ်းခြေကုပ်စခန်းတွင် နေရာချထား စိုးမိုး ထားစေပါသည် ။

***

## မြောင်ဇူရှမ်းရှေ့ကာ လှုပ်ရှား စခန်းတိုက်ပွဲ

နားဝီးမန်နောင် တိုက်ပွဲပြီးနောက် ကြိုတင်မျှော်လင့်ထားသည့် အတိုင်း ၁၄-၃-၁၉၇၃ ရက် နံနက် ဝ၂:ဝဝ နာရီတွင် ရန်သူ ဗကပတို့ သ ည် မီးကျည် အစိမ်းတစ်ချက် ပစ်ပြီးနောက် အကူလက်နက်ကြီးများ ပစ် ကူဖြင့် မိမိပန်လုံခံစစ် စည်းရှေ့ကာ မြောင်ဇူရှမ်း လှုပ်ရှားစခန်းအား စ

တင်တိုက်ခိုက်ပါသည် ။ တပ်ကြပ်ကြီး ကျော်အေး ဦးစီး မိမိ လှုပ်ရှားတပ်စိတ်သည် တပ်ဖြန့်ရန် ကန့်သတ်ချက်ရှိသည့် မြေအနေအထား အကဲသာမှုကို အသုံးချပြီး တစ်ခုတည်းသော လမ်းကြောင်းမှ ချဉ်းကပ် တိုက်ခိုက်လာသည့် ရန်သူများကို ရှုပ်ရှုပ်ချွံချွံ မဆုတ် တမ်း ခုခံတိုက်ခိုက်နေပါသည် ။ နံနက် ၀၆:၀၀ နာရီအချိန်ထိ ရန်သူတို့ မိမိ လှုပ်ရှားခြေကုပ်စခန်းကို မသိမ်း ပိုက်နိုင်ပါ။ ထိုသို့သော အခြေအနေတွင် ရန်သူဗကပတို့သည် ထိရောက်မှုမရှိသော ဒေါက်မြင့်ပစ်ကူ လက်နက် ကြီးများကို မသုံးတော့ဘဲ ၅၇ မမနောက်ပွင့် ရိုင်ဖယ် အာပီဂျီ လောင်ချာ စသည့် အဖြောင့်ပစ် လက်နက်များကို စခန်းပေါ်သို့ စုပြုံပစ်ခတ်လာကြပါသည် ။ ရန်သူ့လက်နက်ကြီး ကျည်များ စခန်းပေါ် စုပြုံကျရောက်လာရာ ကျောက်တုံးများ ကွဲကြေလွင့်စဉ်ပြီး မိမိစစ်သည် များ ထိခိုက်ဒဏ်ရာရရှိမှု များ ပြားလာပါသည် ။

၁၄-၃-၁၉၇၃ ရက် နံနက် ၀၂:၀၀ နာရီမှ စတင်ပြီး ဗကပ သောင်းကျန်းသူများက အင်အား အလုံး အရင်းဖြင့် မိမိတပ် မြောင်ဇူရှမ်း လှုပ်ရှားစခန်းအား တိုက်ခိုက်နေရာ နံနက် ၀၆:၀၀ နာရီအထိ စခန်းအား မသိမ်းပိုက်နိုင်သေးဘဲ လက်နက်ကြီးများ ပစ်ကူဖြင့် ဆက်လက်တိုက်ခိုက် နေဆဲ ဖြစ်ပါသည် ။

ထိုအချိန်တွင် ပန်လုံဌာနချုပ် စခန်းတွင် အသင့်ရှိနေသော ကျွန်တော်ဦးစီးရှေ့တန်း ခလရ (၃) အရန် အင်အား ကွန်မင်ဒိုတပ်စုအား မြောင်ဇူရှမ်း စခန်းရှိ မိမိတပ်လှုပ်ရှား တပ်စိတ်ကို စစ်ကူပေးရန် လမ်းကြောင်း သတ်မှတ်ပြီး တပ်ရင်းမှူးက စေလွှတ်လိုက်ပါသည် ။ ကျင့်သုံးရမည့် စစ်နည်းဗျူဟာကိုပါ ညွှန်ကြားလိုက် ပါသည် ။ တပ်ရင်းမှူးထံမှ ညွှန်ကြားချက် ခံယူပြီးသည် နှင့် ကျွန်တော်ဦးစီးအင်အား ၃၂ ယောက်ပါ ကွန်မင်ဒို တပ်စုသည် ပန်လုံမှ ထွက်ခွာလာခဲ့ပါသည် ။ တပ်

ရင်းမှူး ညွှန်ကြားလိုက်သည့် လမ်းကြောင်းအတိုင်း အမြန် ချီတက်လာခဲ့ကြရာ ၄၅ မိနစ်ကြာ တောင်တက်လမ်းအတိုင်း တက်ပြီးနောက် ဖာချမ်းစခန်းသို့ ရောက်ရှိပါ သည် ။

သတင်းပို့ပြီး ဆက်ထွက်ခဲ့ရာ နောက်ထပ် ၂၅ မိနစ်ကြာပြီးနောက် တာလူးပါး စခန်းသို့ ရောက်ရှိ ပါသည် ။ တာလူးပါး စခန်းသို့ ရောက်ရှိပြီး ဆက်လက် ထွက်ခွာမည့် အကြောင်း တပ်ရင်းမှူးထံ သတင်းပို့ရာ တပ်ရင်းမှူးက ရန်သူဖြတ်တောက် ပိတ်ဆို့တိုက်ခိုက်နိုင်၍ အထူးဂရုပြု ချီတက်ရန် သတိပေးပါသည် ။ တာလူးပါးစခန်းမှ ဆက်လက်ထွက်ခွာခဲ့ပြီးနောက် ပန်နွဲ့လမ်းဆုံ လျှိုထိပ်သို့ တပ်စုတစ်စုလုံး နံနက် ၁၈:၃၀ နာရီခန့်တွင် ရောက်ရှိပါသည် ။

မြောင်ဇူရှမ်း တောင်ခြေ ပန်နွဲ့ရွာမှ လာသောလမ်း၊ တာလူးပါးရွာမှ လာသောလမ်း၊ ပန်လုံမှ လာသော လမ်းနှင့် နားဝီးမန်နောင်ဘက်မှ လာသောလမ်း လမ်း ၄ လမ်းဆုံသော လမ်းဆုံဖြစ်ပါသည် ။ မြေအနေအထား အရ ထိုလမ်းဆုံနေရာကို ရှောင်ပြီး မြောင်ဇူရှမ်းသို့ မသွားနိုင်ပါ။ ထိုလမ်းဆုံနေရာသည် စစ်ဗျူဟာမြောက် အရေးကြီးနေရာ တစ်ခုဖြစ်ပါသည် ။ မိမိတပ်စု ရောက်ရှိနေရာ ကုန်းပေါ်မှ လျှိုအတွင်းသို့ ပေ ၁၅၀ ခန့် ဆင်းရမည်။ လျှိုတစ်ဖက်ကမ်းရှိ ကုန်းပေါ်သို့ ပေ ၁၅၀ ခန့် ပြန်လှန်တက်မှ စိုးမိုးခြေကုပ် နေရာယူနိုင်မည်။

မိမိသာ မြောင်ဇူရှမ်းစခန်းကို တိုက်နေသော ရန်သူဖြစ်ပါက ပန်လုံဘက်မှ လာနိုင်သည့် စစ်ကူကို အခြားဘက် လျှိုထိပ်ကုန်းပေါ်မှ မဖြစ်မနေ စောင့်ကြိုတိုက်မည်သာ ဖြစ်သည် ဟု ကျွန်တော် ချက်ချင်း သုံးသပ်လိုက်နိုင်ပါသည် ။ တပ်စုချီတက်မှုကို ရပ်ထားပြီး တပ်စုတပ်ကြပ်ကြီးမောင်သန်းနှင့် တပ်စိတ်မှူး အကြပ်များ ကို ကျွန်တော့်နေရာသို့ စုခေါ်

လိုက်ပါသည် ။

ဆက်လက် ရှင်းလင်း ချီတက်မည့် အစီအစဉ်ကို ရှင်းလင်း ပြောကြားလိုက်ပါသည် ။ တပ်ကြပ် မောင်မြင့်ဦးစီး ရှေ့ပြေးတပ်စိတ် တပ်ဖြန့်ပြီး လျှိုအတွင်း ဦးစွာဆင်းရန်၊ ထိုသို့ ဆင်းနေစဉ် တပ်စုရုံး စိန်ပြောင်းအဖွဲ့နှင့် ကျန်တပ်စိတ် ၂ စိတ် လက်ရှိနေရာ ကုန်းပေါ်တွင် ရင်ပေါင်းတန်း တပ်ဖြန့်ပြီး တစ်ဖက်လျှိုထိပ် ကုန်းပေါ်သို့ လက်နက်အားလုံး ချိန်ရွယ်ထားရန် တပ်ကြပ်မောင်မြင့် တပ်စိတ်တစ်ဖက် ကုန်းပေါ်ရောက် ခြေကုပ်ယူပြီးမှ တပ်စုရုံးအဖွဲ့နှင့် တပ်ကြပ်မောင်တင် တပ်စိတ် လက်ရှိကုန်းမှ ထွက်ခွာပြီး ရှေ့တပ်စိတ်ကို လိုက်ပေါင်းမည်။ ပြီးမှ နောက်ရန်တပ်စိတ်က ရှေ့သို့လိုက်ပေါင်းရန်၊ တပ်ကြပ်မောင်မြင့် တပ်စိတ် လျှိုထဲ ဆင်းချိန် တိုက်ပွဲဖြစ်ပါက စောင့်ကျန်ခဲ့သော တပ်စုရုံးနှစ်စိတ်မှ တစ်ဖက်ကုန်းပေါ်သို့ စုပြုပစ်ခတ်ပြီး ရန်သူကို ဦးနှိမ်ထားရန်နှင့် ရှေ့ပြေးတပ်စိတ် လက်ရှိကုန်းပေါ် ပြန်တက်ပူးပေါင်းရန် ရှင်းလင်း ညွှန်ကြားလိုက်ပါသည် ။

လိုအပ်သည် များ ပြင်ဆင်ပြီး မကြာခင် တပ်ကြပ်မောင်မြင့် တပ်စိတ် လျှိုအတွင်းသို့ တပ်ဖြန့်ပြီး ဆင်းသွားကြပါသည် ။ ကျည်ကွယ်မျက်ကွယ်နေရာ ရွေးပြီး ကျွန်တော့်စစ်သုံး မှန်ပြောင်းဖြင့် ကြည့်နေလိုက် ပါသည် ။

သစ်ကြီးဝါးကြီးပင်များ မရှိဘဲ ချုံသာသာ အပင်များ သာ ရှိသဖြင့် ရှေ့ပြေး တပ်စိတ် လှုပ်ရှားမှုများကို ကောင်းစွာ မြင်ရပါသည် ။ ရှေ့ပြေး တပ်စိတ် လျှိုအောက်ခြေသို့ ရောက်သည် နှင့် ပင် တစ်ဖက်ကုန်းပေါ်တွင် အသင့်စောင့်ဆိုင်းနေသော ရန်သူဗကပ အင်အား ၄၀ ခန့်က လက်နက်ငယ် လောင်ချာတို့ ဖြင့် မိမိရှေ့ပြေး တပ်စိတ်အား ဝိုင်းပစ်ကြ

ပါသည် ။ တစ်ဖက်မျက်နှာချင်းဆိုင် ကုန်းပေါ်မှ သေနတ်သံ ထွက်ပေါ်လာသည် နှင့် တစ်ပြိုင်နက်လိုပင် "ပစ်" ဆိုသော ကျွန်တော့်ပစ်မိန့်သံနှင့် အတူ ကျွန်တော်နှင့် အတူ ရှိနေသော တပ်စုရုံး တပ်စိတ် နှစ်စိတ်မှ တစ်ဖက် မျက်နှာချင်းဆိုင် အမြင့်တူ ကုန်းပေါ်ရှိ ရန်သူများအား ပြင်းပြင်းထန်ထန် တုံ့ပြန် ပစ်ခတ်လိုက် ပါသည် ။

တစ်ဖက်ကုန်းပေါ်မှ ရန်သူများ ခေတ္တ အပစ်ရပ်သွားပြီးမှ မိမိတို့ ရှိရာ ကုန်းပေါ်သို့ တုံ့ပြန်ပစ်ကြ ပါသည် ။ ကုန်းနှစ်ကုန်းမှာ လျှိုခြားလျက် အဖြောင့်တိုင်း ကိုက် ၄၀၀ ခန့်သာ ဝေးသဖြင့် စစ်သုံးမှန်ပြောင်းဖြင့် တစ်ဖက်ကို တစ်ဖက် ကောင်းစွာ မြင်နိုင်ပါသည် ။

ယူနီဖောင်း အနက်ဝတ်ထားသူ ဗကပ နှစ်ယောက် မိမိဘက်သို့ အမ်(၂၃) စက်လတ် ၂ လက်ဖြင့် ပစ်နေသည် ကို ကိုယ်တိုင်မြင်ရပါသဖြင့် ၄၀ မမ လောင်ချာကိုင် စစ်သည် အား ထိုနှစ်ယောက်ကို ညွှန်ပြ ပစ်ခိုင်းလိုက်ပါသည် ။ (နောင်တွင် ပြန်သိရသည် မှာ ယူနီဖောင်း အနက်ရောင်ဝတ်သူများမှာ ဗကပတပ်များကို လာရောက်ကူညီ တိုက်ခိုက်ပေးနေသော တစ်ဖက်နိုင်ငံ တရုတ်တပ်မှ တပ်ဖွဲ့ဝင်များ ဟု သိရပါသည် )

ဗကပတပ်ဖွဲ့ဝင်များ အားလုံးမှာ ယူနီဖောင်း အစိမ်းရောင်များ သာ ဝတ်ရပါသည် ။ ကုန်းပေါ်တွင် ခြေကုပ်ယူ ကျန်ရစ်ခဲ့သော တပ်စိတ်နှစ်စိတ်က ကာကွယ်ပစ်ခတ်ပေးမှုကြောင့် လျှိုတွင်း ရောက်နေသော ရှေ့ပြေးတပ်စိတ်မှာ သက်သာရာရပြီး မကြာမီ တောင်ကုန်းထိပ်သို့ ပြန်ရောက် ပူးပေါင်း နိုင်ခဲ့ပါသည် ။

စစ်သည် နှစ်ဦး ယူနီဖောင်း ချိုးကြားနှင့် ပေါင်ကြားတွင် ရန်သူ့ လက်နက်ငယ်ကျည် ဖြတ်ဖောက် ထိလာသည် မှ လွဲပြီး ထိခိုက်ဒဏ်ရာ မရကြပါ။ တပ်ရင်းမှူးက ဆက်သွယ်ရေးစက်ဖြင့် တိုက်ပွဲနေရာနှင့် တို

က်ပွဲအခြေအနေကို မေးပြီးနောက် မြောင်ဇူရှမ်း စခန်းလှုပ်ရှား တပ်စိတ်နှင့် ဆသရ စက်ဆက်သွယ်မှု ရ ကြောင်း၊ စခန်းမီးလောင်နေပြီး ထိခိုက်ဒဏ်ရာ ရသူများ လာသဖြင့် ဆုတ်ခွာခွင့် ပေးလိုက်ပြီ ဖြစ်ကြောင်း ပြောပါသည် ။ ကျွန်တော့်တပ်စု မြောင်ဇူရှမ်းသို့ စစ်ကူသွားရန် မလိုတော့ဘဲ လက်ရှိတိုက်ပွဲ နေရာမှာ ပင် မိမိဘက်သို့ ရန်သူများ ကူးမလာနိုင်ရေး တိုက်ခိုက် ဟန့်တားထားရန် ညွှန်ကြားပါသည် ။ မျက်နှာချင်းဆိုင် ကုန်းပေါ်မှ ရန်သူများ မိမိဘက်သို့ ကူးမလာဘဲ တစ်ဖက်ကမ်းမှ သာ ပစ်ခတ်နေပါသည် ။

ကျွန်တော်တို့ တပ်စုမှ လည်း လိုအပ်သလို ထိထိရောက်ရောက် ပြန်လည် ပစ်ခတ်ခဲ့ပါသည် ။ နေ့လယ် ၁၃:၀၀ နာရီခန့်တွင် နှစ်ဖက်ပစ်ခတ်မှု ငြိမ်သက်သွားပြီး တိုက်ပွဲဖြစ်ပွားရာ ကုန်းတစ်ဝိုက်မှာ ပင် တပ်စုအား ဖြန့်ခွဲပြီး ကူးလာနိုင်သည့် ရန်သူ့အား ဆက်လက်စောင့်ဆိုင်းနေခဲ့ပါသည် ။

ညနေ ၁၈:၀၀ နာရီကျမှ သာ တပ်စုတစ်စုလုံး ပန်လုံသို့ ပြန်လာရန် စစ်ကြောင်းဌာနချုပ်မှ ညွှန်ကြားလာသဖြင့် ပြန်လည်ချီတက် လာခဲ့ကြရာ ပန်လုံသို့ ည ၂၀:၃၀ ချိန်တွင် ပြန်လည် ရောက်ရှိပါသည် ။ ပြန်ရောက်ရောက်ချင်း ဆိုသလိုပင် တပ်ရင်းမှူးက "ဒီဗကပကောင်တွေ တို့ ပန်လုံရဲ့ အဓိက ခံစစ်စခန်းတွေကို မနက်ဖြန်၊ သဘက်ခါ ဆက်တိုက်တော့မယ် လိုသလို အကူပေးနိုင်အောင် မင်းတပ်စု အမြဲအသင့် ဖြစ်နေအောင် ပြင်ထားပါ" ဟု ညွှန်ကြားပါသည် ။

***